## ၁။ မြေပဲရွက်ထွင်းပိုး

**Groundnut leaf miner : *Aproaerema modicella* (Deventer, 1904)**

**Lepidoptera: Gelechiidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**




လောက်ကောင်သည်အနက်ရောင် ဦးခေါင်းနှင့်အတူ အစိမ်းရောင် ကိုယ်ခန္ဓာရှိသည်။အကောင်ကြီးသည်အညိုရောင်သန်းသည့် မီးခိုးရောင်ဖလံဖြစ်ကာ (၆)မီလီမီ တာရှည်လျား ပြီးတောင်ပံဖြန့်လျက် အကွာအဝေး (၁၀)မီလီမီတာထိရှည်သည်။ တောင်ပံ အနားသားတစ်လျှောက် အဖြူစက်ရှိသော ရှေ့တောင်ပံပါရှိသည်။

**ဖျက်ဆီးပုံလက္ခဏာများ**




အစောပိုင်းတွင်လောက်ကောင်ငယ်များသည် ရွက်မွှာများအတွင်းထိုးဖောက်ဝင် ရောက်ပြီးအတွင်း သားတစ်ရှူးများကိုစားပြီး အရွက်ပေါ်တွင် အညိုရောင်အကွက် များ ကိုဖြစ်စေသည်။ နောက်ပိုင်းအဆင့်များတွင် လောက်ကောင်များသည် ရွက်မွှာများကို အတူ တစ်ကွပေါင်းဆက်

လိုက်ပြီးငုံးတို့ကို စားသောက်ကာအတွင်းပိုင်းတွင် ဝင်ရောက် နေ ထိုင် သည်။ဆိုးဝါး စွာကျရောက်ထားသော မြေပဲခင်းကို အဝေးကကြည့်လျှင်မီးလောင်နေသကဲ့သို့ တွေ့ရ သည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥ အဆင့် | **– ( ၃ –၅)** ရက် |
| လောက်ကောင် အဆင့် | **– (၉ – ၂၈ )** ရက် |
| ရုပ်ဖုံး အဆင့် | **– (၃ – ၁၀)** ရက် |
| အကောင်ကြီး အဆင့် | –(၅–၆)ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)တစ်ဧကလျှင် အလင်းရောင်ထောင်ချောက် (၅)ခု ထောင်ထားပါ။

(၂)ထောင်ချောက်သီးနှံ(ပဲလွန်း)ဖြင့်သီးညှပ်စိုက်ပါ။

(၃)ဝါ၊နှံစားပြောင်း နှင့်မြေပဲသီးလှည့်စိုက်ပျိုးပါ။

(၃)ထိသေ၊စားသေ (သို့) ပင်လုံးပြန့် အာနိသင်ရှိ ပိုးသတ်ဆေးတစ်မျိုးမျိုးကို အညွှန်းအတိုင်း ပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူးဆွတ်မီစောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍ စနစ်တကျ ခူးဆွတ်ပါ။

- ဒိုင်မီသိုအိတ် ( Dimethoate)
- အဆီဖိတ် (Acephate)
- ကလိုဖန်နာပြာ(Chlofenapyr)
- ဆိုင်ရိုမက်ဇင်း(Cyromazine)